ပုံစံ (၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ)}

ခုံအဖွဲ့

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၅/၂၀၁၄)

| | |
|---|---|
| Mr. Wang Janhong(ပိုင်ရှင်)<br>ဦးလှမင်းသိမ်း(စက်ရုံမန်နေဂျာ)<br>ကူယူပလိပ်ပြားထုတ်လုပ်ရေးစက်ရုံ၊<br>အမှတ်(၈၉)၊ ကင်းဝန်မင်းကြီးလမ်း၊<br>စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |
| နှင့် | |
| မောင်အောင်လှိုင်ဝင်း(တွင်ခုံလုပ်သား)<br>ရိုးလှသန္တာအဆောင်၊ ရေဥက္ကံရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ ကင်းဝန်မင်းကြီးလမ်း၊ အမှတ်(၈၉)ရှိမြန်မာကူယူပလိပ်ပြားစက်ရုံပိုင်ရှင် Mr. Wang Janhongနှင့် တွင်ခုံအလုပ်သမား မောင်အောင်လှိုင်ဝင်းတို့ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ (၁၉.၁၂.၂၀၁၃)၊ (၂၆.၁၂.၂၀၁၃)နှင့် (၃၀.၁၂.၂၀၁၃)ရက်နေ့တို့တွင် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းပေးခဲ့သော်လည်း ပြေလည်မှုမရှိခဲ့သဖြင့် (၆.၁.၂၀၁၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းတင်ပြခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သည် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ တင်ပြချက်အရ အငြင်းပွားမှုအမှတ်(၂/၂၀၁၄)ကို ကြားနာစစ်ဆေးပြီး ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် မောင်အောင်လှိုင်ဝင်း(တွင်ခုံအလုပ်သမား)အား မြန်မာကူယူပလိပ်ပြားစက်ရုံပိုင်ရှင် Mr.Wang Janhongနှင့် မန်နေဂျာ ဦးလှမင်းသိမ်းတို့က အလုပ်မှထုတ်ပယ်ခဲ့သည့်အတွက် အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်လိုကြောင်း အငြင်းပွားရာမှ ဖြစ်ပေါ်လာသော အငြင်းပွားမှုဖြစ်သည်။

၄။ ဤအငြင်းပွားမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သည် အငြင်းပွားမှုနှင့် သက်ဆိုင်သည့် သက်သေအထောက်အထားများကိုစစ်ဆေးပြီး အောက်ပါကောက်ချက်နှင့် ဆုံးဖြတ်ချက်ချခဲ့ရာ မြန်မာကူယူပလိပ်ပြားစက်ရုံပိုင်ရှင် Mr. Wang Janhong နှင့် စက်ရုံမန်နေဂျာတို့က ကျေနပ်မှုမရှိသဖြင့် ၂၀၁၄ ခုနှစ်၊ ဇန္နဝါရီလ ၂၇ ရက်စွဲဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားလာပါသည်။

<u>ကောက်ချက်အမှတ်(၁)</u>။ တောင်းဆိုသူအလုပ်သမား ဦးအောင်လှိုင်ဝင်းသည် အလုပ်မှထုတ်ပယ်ခံရခြင်းအတွက် အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုခြင်းဖြစ်သည်။

<u>ဆုံးဖြတ်ချက်အမှတ်(၁)</u>။ တောင်းဆိုသူအလုပ်သမား ဦးအောင်လှိုင်ဝင်းအားမြန်မာကူယူပလိပ်ပြားစက်ရုံတွင် မူလရာထူး၊ မူလလစာဖြင့်အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ထုတ်ပယ်သည့်နေ့မှ အလုပ်ပြန်လည်ခန့်သည့်နေ့အထိ ကြားကာလနစ်နာကြေးပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၂/၂၀၁၄) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် Mr. Wang Janhong ပိုင်ရှင်၊ မြန်မာကူယူပလိပ်ပြားထုတ်လုပ်ရေးစက်ရုံ ကိုယ်စား (စက်ရုံမန်နေဂျာ)က ခုံသမာဓိကောင်စီသို့လျှောက်ထားလာသည့်အတွက် အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၄)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၅/၂၀၁၄) ကြားနာစစ်ဆေးမည့်ခုံအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ပါသည်။

| စဉ် | အမည် | |
|---|---|---|
| ၁။ | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးမောင်မောင်ဝင်း | အဖွဲ့ဝင် |
| ၃။ | ဦးညာဏ | အဖွဲ့ဝင် |

၆။ ခုံအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်အမှုတွဲအားလက်ခံရရှိပြီးနောက်(၅.၂.၂၀၁၄)ရက်နေ့တွင် စုံညီရုံးထိုင်၍ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ သက်သေခံချက်များ၊ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ စစ်ဆေးဆောင်ရွက်ချက်များ၊ လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ တင်ပြချက်များနှင့် မြန်မာကူယူပလိပ်ပြားစက်ရုံပိုင်ရှင်ကိုယ်စား၊ စက်ရုံမန်နေဂျာ ဦးလှမင်းသိမ်း၏ လျှောက်ထားချက်၊ အလုပ်သမား ဦးအောင်လှိုင်ဝင်း၏ တင်ပြချက်များကိုစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

၇။ ခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ဆေးတွေ့ရှိချက်များအပေါ် လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်၊ သာတူညီမျှဖြစ်ရေးသဘောတရားကို အခြေခံ၍ ဘက်လိုက်မှုမရှိသောအဖွဲ့အဖြစ်ရပ်တည်ပြီး အောက်ပါကောက်ချက်၊ သုံးသပ်ချက် ဖော်ထုတ်၍ဆုံးဖြတ်ချက်ချမှတ်လိုက်သည်-

ကောက်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၂/၂၀၁၄) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် လျှောက်ထားခြင်းဖြစ်သည်။

သုံးသပ်ချက်အမှတ်(၁)။ (က) မြန်မာကူယူပလိပ်ပြား ထုတ်လုပ်ရေးစက်ရုံတွင် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုထားပြီးဖြစ်ကြောင်းနှင့် မောင်အောင်လှိုင်ဝင်းသည် ခွင့်မဲ့ပျက်ကွက်ရာတွင် (၃)ရက်တစ်ဆက်တည်း ပျက်ကွက်မှုမရှိကြောင်း လျှောက်ထားချက်တွင် စစ်ဆေးတွေ့ရှိရသည်။

(ခ) မောင်အောင်လှိုင်ဝင်းအား အလုပ်မှရပ်စဲခဲ့ရာတွင်လည်း စီမံခန့်ခွဲမှုကော်မတီ ဆုံးဖြတ်ချက်ဖြင့် အလုပ်မှရပ်စဲခဲ့ကြောင်း၊ ရပ်စဲခဲ့ရသည့် အကြောင်းများမှာလည်း ခွင့်ကိစ္စအချက်တစ်ချက်တည်းကြောင့်မဟုတ်ဘဲ အလုပ်တာဝန်တိကျစွာ လိုက်နာမှုမရှိခြင်း၊ အရက်သေစာသောက်စားပြီး အလုပ်ဝင်ခြင်း၊ ညအဆိုင်းအလုပ်ချိန်တွင်အိပ်ခြင်း၊ ၊ ခွင့်စနစ်တကျမတိုင်ခြင်းနှင့် ကြီး ကြပ်သူမှသတိပေးမှုများကို လိုက်နာမှုမရှိခြင်းတို့ကြောင့် အလုပ်မှရပ်စဲခဲ့ကြောင်း စိစစ်သုံးသပ်တွေ့ရှိရသည်။

(ဂ) မောင်အောင်လှိုင်ဝင်း၏ထွက်ဆိုချက်တွင်လည်း လုပ်ငန်းခွင်အတွင်း အရက်သောက်စားမှုရှိခဲ့ကြောင်း၊ ညဆိုင်းအလုပ်တွင် နာရီဝက်ခန့်အိပ်မိကြောင်း၊ ကြီးကြပ်ရေးမှူးဦးသန်းနိုင်၏ သက်သေထွက်ချက်တွင်လည်းမောင်အောင်လှိုင်ဝင်းသည်(၁၀/၂၀၁၃)၌ (၁၆) ရက်နေ့မှစ၍ (၁၀) ရက်ခန့်ပျက်ကွက်ခဲ့ကြောင်း၊ မိမိအနေဖြင့် တတ်နိုင်သမျှ အကာအကွယ်ပေးခဲ့ရကြောင်း တင်ပြသည်ကိုတွေ့ရှိရသည်။ ယင်းတွေ့ရှိချက်အရ မောင်အောင်လှိုင်ဝင်းသည် လုပ်ငန်းခွင်စည်းကမ်းလိုက်နာမှုတွင် အားနည်းကြောင်း သုံးသပ်တွေ့ရှိသည်။

(ဃ) ယင်းသို့စည်းကမ်းလိုက်နာမှုအားနည်းချက်ရှိသော်လည်း လူမှုရေးကိုထောက်ထားငဲ့ညှာ၍ ခံဝန်ချက်လက်မှတ်ထိုးပါက စက်ရုံက မောင်အောင်လှိုင်ဝင်းကို အလုပ်ပြန်ခန့်မည်ဖြစ်ကြောင်း နှစ်ကြိမ်ညှိနှိုင်းခဲ့သည်။ မောင်အောင်လှိုင်ဝင်းက ဝန်ခံလက်မှတ်ထိုးရန် ငြင်းပယ်ခဲ့သဖြင့်ယခုကဲ့သို့ အလုပ်မှရပ်စဲခြင်းခံခဲ့ရကြောင်း စစ်ဆေးတွေ့ရှိရသည်။

(င) ခံဝန်ကတိထိုးရမည့်အချက်များကို စိစစ်သည့်အခါတွင်လည်း တင်းကြပ်သည့်အချက်များမဟုတ်ဘဲအလုပ်တာဝန်ကိုတိကျစွာ လိုက်နာရန်၊ အရက်သောက်ပြီး အလုပ်ဆင်းခြင်းမပြုလုပ်ရန်၊ ခိုင်လုံမှုမရှိဘဲခွင့်မယူရန်၊ခွင့်တင်ပါကလည်းနံနက်(၈း၀၀)နာရီထက်နောက်မကျဘဲခွင့်တင်ရန်နှင့် ညဆိုင်းတာဝန်ချိန်၌ အိပ်စက်ခြင်းမပြုရန်တို့ဖြစ်

၅.၂.၂၀၁၅

ကြောင်း တွေ့ရှိရသဖြင့် လုပ်သားတစ်ဦးအနေဖြင့်မလိုက်နာနိုင်သည့် အချက်များမဟုတ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

(စ) အငြင်းပွားမှုဖြစ်စဉ်အပေါ်ခြုံငုံ၍သုံးသပ်လျှင်စက်ရုံလုပ်သား မောင်အောင်လှိုင်ဝင်းသည် လုပ်ငန်းခွင်စည်းကမ်းလိုက်နာမှု အား နည်းချက်များရှိသော်လည်း လုပ်သက်ကာလ (၁)နှစ်နီးပါးအတွင်း ကောင်းမွန်စွာ နေထိုင်လုပ်ကိုင်ခဲ့သည်များကို ထောက်ရှု၍လည်း ကောင်း၊ဇနီးနှင့်မှီခိုနေထိုင်သူမိသားစုများ၏လူမှုရေးဘဝကိုထောက် ထား၍လည်းကောင်း အလုပ်မှရပ်စဲသည့်ပြစ်ဒဏ်ချမှတ်ရန်မသင့်ဟု သုံးသပ်သည်။

(ဆ) ထို့ကြောင့် မြန်မာကူယူပလိပ်ပြားထုတ်လုပ်ရေးစက်ရုံသည် မောင်အောင်လှိုင်ဝင်း၏ စည်းကမ်းဖောက်ဖျက်မှုများကို နောက်ဆုံး အကြိမ်အဖြစ်သတိပေးပြီး စည်းကမ်းမလိုက်နာဖောက်ဖျက်မှုများ အားမှတ်တမ်းထား၍ ထပ်မံပြစ်မှုကျူးလွန်ပါက လိုအပ်သလိုအရေး ယူဆောင်ရွက်သွားသင့်သည်။ သို့ဖြစ်၍ ယခုအငြင်းပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန်မရှိကြောင်း သုံးသပ်သည်။

<u>ဆုံးဖြတ်ချက်အမှတ်(၁)</u>။ မောင်အောင်လှိုင်ဝင်းအား မြန်မာကူယူပလိပ်ပြားစက်ရုံတွင် မူလရာထူး၊ မူလလစာဖြင့် အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ထုတ်သည့်နေ့ (၂၀.၁၁.၂၀၁၃)မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ ကြားကာလနစ်နာကြေးပေးရန် ဆုံးဖြတ်သည်။ ✓

ဤဆုံးဖြတ်ချက်သည်အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍အာဏာတည်စေရမည်။

၈။ မြန်မာကူယူပလိပ်ပြားထုတ်လုပ်ရေးစက်ရုံပိုင်ရှင် Mr. Wang Janhong နှင့် စက်ရုံမန်နေဂျာ ဦးလှမင်းသိမ်းတို့သည် ရက်ပေါင်း ၃၀ အတွင်းလိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (signature) ၅.၅.၂၀၁၄ | (signature) | (signature) |
| ဦးမောင်မောင်ဝင်း | ဦးမောင်မောင်အုန်း | ဦးညာဏ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |